**MTSH Myanmar Thilawa SEZ Holdings Public Limited**

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ( ၁ ) ရက်

**လုပ်ငန်းဆိုင်ရာ အမှုဆောင်အရာရှိချုပ် အလုပ်မှနုတ်ထွက်ကြောင်း အသိပေးခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များကို လုပ်ငန်းဆိုင်ရာအမှုဆောင်အရာရှိချုပ် Chief Operating Officer ဖြစ်သူ Mr. David Law အား အလုပ်မှနုတ်ထွက်ခွင့်ပြုရန် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ သဘောတူအတည်ပြုဆုံးဖြတ်ခဲ့ပြီး၊ Mr. David Law သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာတာဝန်များအားဆောင်ရွက်ခဲ့ကြောင်း အသိပေးလိုပါသည်။ Mr. David Law အနေဖြင့် အလုပ်မှ နုတ်ထွက်ရခြင်းမှာ ၎င်းအတွက် ပိုမိုသင့်လျော်မည့်အခွင့်အလမ်းများနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

သို့ဖြစ်၍ Mr. David Law အနေဖြင့် လုပ်ငန်းဆိုင်ရာအမှုဆောင်အရာရှိချုပ်ရာထူးမှ နုတ်ထွက်ခြင်းအတွက် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုနှင့်စပ်လျဉ်း၍ အခက်အခဲတစ်စုံတစ်ရာရှိမည်မဟုတ်ပါ။ အဆိုပါ လုပ်ငန်းဆိုင်ရာ အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်မှုအောက်တွင်ရှိသော ဌာနများအား အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည့် ကျွန်ုပ်မှဆက်လက်ကြီးကြပ်မှုပေးမည်ဖြစ်ပြီး ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းများနှင့်ပက်သက်၍ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်နိုင်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**အောင်စိုးသာ**

**အုပ်ချုပ်မှုဒါရိုက်တာ**